# Seventeenth Sunday in Ordinary Time

## 1st READING: *1 Kings 3: 5, 7-12*

**ဓမ္မရာဇဝင် တတိယစောင်။** ၃း ၅၊ ၇–၁၂

ထိုမြို့၌ထာဝရဘုရားသည်ညဥ့်အခါအိပ်မက်တွင်ရှောလမုန်အားထင်ရှားလျက်၊ငါပေးရမည်ဆုကိုတောင်းလော့ဟုဘုရားသခင်မိန့်တော်မူ၏။ ယခုမှာအကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်ကျွန်ကိုအဘဒါဝိဒ်၏ကိုယ်စားရှင်ဘုရင်အရာ၌ခန့်ထားတော်မူပြီ။သို့ရာတွင်အကျွန်ုပ်သည်သူငယ်ဖြစ်ပါ၏။ ထွက်ဝင်ခြင်းငှာမတတ်နိုင်ပါ။  ရွေးချယ်တော်မူ၍အရေအတွက်အားဖြင့်အတိုင်းမသိများပြားစွာသောကိုယ်တော်၏လူမျိုးကြီးအလယ်၌ကိုယ်တော်ကျွန်ရှိပါ၏။ သို့ဖြစ်၍ကိုယ်တော်ကျွန်သည်ကိုယ်တော်၏လူတို့ကိုတရားစီရင်နိုင်မည်အကြောင်းကောင်းမကောင်းကိုပိုင်းခြား၍သိတတ်သောဉာဏ်ကိုပေးသနားတော်မူပါ။ ဤမျှလောက်များစွာသောကိုယ်တော်၏လူတို့ကိုအဘယ်သူသည်ကိုယ်အလိုအလျောက်တရားစီရင်နိုင်ပါမည်နည်းဟုတောင်းလျှောက်၏။ ထိုသို့ရှောလမုန်တောင်းလျှောက်သောပဌနာစကားကိုထာဝရဘုရားသည်နှစ်သက်တော်မူ၏။ ဘုရားသခင်ကလည်း၊ သင်သည်တာရှည်သောအသက်ကိုမတောင်း၊စည်းစိမ်ကိုလည်းမတောင်း၊ရန်သူတို့၏အသက်ကိုလည်းမတောင်း၊ တရားစီရင်ခြင်းငှာတတ်နိုင်သောဉာဏ်ကိုသာကိုယ်အဘို့တောင်းလျှောက်သောကြောင့်၊ သင်တောင်းလျှောက်သည်အတိုင်းငါပေး၏။ ရှေးကာလ၌သင်နှင့်တူသောသူတယောက်မျှမဖြစ်၊နောင်ကာလ၌မဖြစ်နိုင်အောင်ဉာဏ်ပညာနှင့်ပြည့်စုံသောစိတ်ဝိညာဉ်ကိုသင့်အား ငါပေး၏။

## Responsorial Psalm  Psalm  119: 57, 72, 76-77, 127-128, 129-130

ဆာလံကျမ်း    ၁၁၉း ၅၇၊ ၇၂၊ ၇၆–၇၇၊  ၁၂၇–၁၂၈၊  ၁၂၉–၁၃၀

၅၇။ ထောင်ပါမည်ဟုတပည့်တော်ကတိပေးပါ၏။ ကိုယ်တော်၏ကတိတော်အတိုင်းတပည့်တော်အားသ
နားတော်မူပါရန်ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့တောင်းလျှောက်ပါ၏။

၇၂။ ကိုယ်တော်သည်ရွှေလက်တော်ဖြင့်တပည့်တော်ကိုဖန်ဆင်း၍ပုံသွင်းပြုပြင်ပေးတော်မူ၏။ ကိုယ်တော်
၏  ပညတ်တော်များကိုလေ့လာသင်ကြားနိုင်ရန်တပည့်တော်အား အသိဉာဏ်ကိုပေးတော်မူပါ။

၇၆– ၇၇။ စေတော်မူပါ။ကိုယ်တော်၏တရားတော်သည်တပည့်တော်နှစ်သက်မြတ်နိုးရာဖြစ်ပါသောကြောင့်
တပည့်တော်အသက်ရှင်နိုင်ရန်တပည့်တော်အပေါ်မှာသနားကရုဏာတော်သက်ရောက်စေတော်မူပါ။တပည့်
တော်ကိုမတရားစွပ်စွဲအပြစ်ရှာကြသောဘုရားတရားမဲ့သူတို့သည်အရှက်တကွဲဖြစ်ကြပါစေသော်။ တပည့်
တော်မူကား၊ ကိုယ်တော်၏ပညတ်တော်တို့ကိုဆင်ခြင်အောက်မေ့ပါမည်။

၁၂၇–၁၂၈။ ထို့ကြောင့်  ကိုယ်တော်၏ပညတ်ဥပဒေရှိသမျှတို့သည်မှန်ကန်သည်ဟုတပည့်တော်ခံယူသော
ကြောင့်မှားယွင်းသောလမ်းရှိသမျှတို့ကိုတပည့်တော်မုန်းတီးပါ၏။ကိုယ်တော်၏သွန်သင်တော်မူချက်များ
သည်အံ့ဩဖွယ်ကောင်းလှပါ၏။ ထို့ကြောင့်တပည့်တော်သည်ယင်းတို့ကိုစောင့်ထိန်းလိုက်နာပါ၏။

၁၂၉၁၃၀။ ကိုယ်တော်နှုတ်ကပတ်ကိုဖော်ပြခြင်းသည်အလင်းကိုပေးပါ၏။ရိုးသားသောသူတို့ကိုလည်း
တတ်သိနားလည်ခြင်းကိုပေးပါ၏။ တပည့်တော်သည်ကိုယ်တော်၏ပညတ်တော်များကိုမျှော်လင့်တောင့်
တရသောကြောင့်ပါးစပ်ဟလျက်မောဟိုက်နေပါ၏။

**2nd READING: Romans 8: 28-30**

ရောမသြဝါဒစာ **၈း ၂၈–၃၀**

ဘုရားသခင်၏ အကြံအစည်တော်အတိုင်း၊ ခေါ်ဖိတ်ခြင်းခံရ၍ဘုရားသခင်ကိုချစ်သောသူတို့အတွက်ခပ်သိမ်းသောအရာတို့သည်ကောင်းကျိုးကိုသာဖြစ်ပေါ်စေကြောင်းငါတို့သိကြ၏။ ကိုယ်တော်သည်မိမိကြိုတင်ရွေးချယ်ထားသောမူသောသူတို့အားမိမိ၏ သားတော်၏ ပုံသဏ္ဍာန်နှင့်တူနိုင်ရန်အစဦးကပင်သတ်မှတ်ထားတော်မူ၏ ။သို့မှသာဘုရားသခင်၏ သားတော်သည်မြောက်များလှစွာသောညီအစ်ကိုမောင်နှမတို့တွင်သားဦးဖြစ်လာလိမ့်မည်။ ကိုယ်တော်သည်ဤသို့သတ်မှတ်ထားတော်မူသောသူတို့ကိုခေါ်တော်မူ၏။ ခေါ်တော်မူသောသူတို့ကိုလည်းကိုယ်တော်သည်ဖြောင့်မတ်စေတော်မူ၏။ ထိုသို့ဖြောင့်မတ်စေတော်မူသောသူတို့လည်းကိုယ်တော်သည်ဘုန်းဂုဏ်တော်သို့မြှောက်စားတော်မူ၏။

**GOSPEL:** ***Matthew 13: 44-52***

ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၃း ၄၄–၅၂**

ကောင်းကင်နိုင်ငံတော်သည်လယ်မြေ၌ဝှက်ထားသောရတနာနှင့်တူ၏။ ထိုရတနာကိုတွေ့သောသူသည်
တစ်ဖန်ဖုံးအုပ်၍ဝမ်းသာအားရစွာဖြင့်သွားပြီးလျှင်မိမိ၌ရှိသမျှကိုရောင်းချကာထိုလယ်မြေကိုဝယ်လေ၏။
တစ်ဖန်ကောင်းကင်နိုင်ငံတော်သည်အရည်အသွေးကောင်းသောပုလဲကိုရှာသောကုန်သည်နှင့်တူ၏။တန်ဖိုး
ကြီးသောပုလဲတစ်လုံးကိုတွေ့သောအခါသွား၍မိမိ၌ရှိသမျှတို့ကိုရောင်းပြီးလျှင်ထိုပုလဲကိုဝယ်လေ၏။
တဖန်ကောင်းကင်နိုင်ငံတော်သည်ပင်လယ်၌ချထား၍ငါးအမျိုးမျိုးတို့ကိုအုပ်မိသောပိုက်ကွန်နှင့်တူ၏။
ပိုက်ကွန်သည်ငါးနှင့်ပြည့်သောအခါတံငါတို့သည်ကုန်းပေါ်သို့ဆွဲတင်၍ထိုင်လျက်ကောင်းသောငါးများကို
ရွေး ချယ်၍တောင်းများတွင်ထည့်ထားပြီးနောက်၊မကောင်းသောငါးများကိုအပြင်သို့ပစ်လိုက်ကြ၏။
ထိုနည်းတူပင်ကမ္ဘာကုန်သောအခါ၌ဤသို့ဖြစ်လိမ့်မည်။ကောင်းကင်တမန်တို့သည်ထွက်လာ၍မကောင်းသေ
ာသူ တို့ကိုဖြောင့်မတ်သောသူတို့ထဲမှခွဲထုတ်ပြီး၊တောက်လောင်နေသောမီးဖိုတွင်းသို့ပစ်ချကြလိမ့်မည်။
ထိုအရပ်၌ငိုကြွေး၍၊အံသွားခဲကြိတ်ကြလိမ့်မည်၊ဤအကြောင်းအရာအလုံးစုံတို့ကိုသင်တို့သည်နားလည်ကြ
၏လောဟုမေးတော်မူလျှင်နားလည်ပါသည်ဟုလျှောက်ထားကြ၏။ကိုယ်တော်ကလည်းသို့ဖြစ်၍ကောင်း
ကင်နိုင်ငံတော်၏အကြောင်းအရာတို့ကိုသင်ကြားတတ်မြောက်ပြီးသောကျမ်းတတ်ဆရာမည်သည်ကားမိမိ
ဘဏ္ဍာတိုက်ထဲကဥစ္စာပစ္စည်းအသစ်နှင့်အဟောင်းတို့ကိုထုတ်ယူနိုင်သောအိမ်ရှင်နှင့်တူသည်ဟုမိန့်တော်မူ
၏။